## (၄) ဖျူစေရီယံပင်ညှိုးရောဂါ (Fusarium wilt of Oil palm)

## ရောဂါဖြစ်စေသောသက်ရှိ - *Fusarium oxysporum* Schlechtendahl

## ရောဂါလက္ခဏာ

အပင်သက်တမ်းကိုလိုက်၍ ရောဂါလက္ခဏာကွဲပြားသည်။ ပျိုးပင်မှ အပင်ကြီးအထိ ရောဂါကျ ရောက်နိုင်သည်။ ပျိုးပင်တွင်ရောဂါကျရောက်ပါကအပင်ကြီးထွားမှုရပ်တန့်သွားခြင်း၊ အရွက် အရွယ်အစားသေးသွားခြင်း၊ အရွက်ဟောင်းများ အစိမ်းရောင် ပျောက်ပြီးရွက်ထိပ်များ ခြောက်ခြင်းတို့ဖြစ်ပေါ်သည်။ စိုက်ခင်းအပင်ကြီးများတွင် ရောဂါကျရောက်ပါက အောက်ရွက် များညှိုး၍ခြောက်ခြင်း၊ အုန်းလက်များကျိုးကျပြီး ပင်စည်ခြေရင်းတွင်ရှိနေခြင်း၊ အသစ်ထွက် လာသောအုန်းလက်များမှာအစိမ်းရောင် ပျက်၍ တိုနေခြင်းဖြစ်ပေါ်သည်။ ရောဂါသည် အဖူး ထွက်သောနေရာကိုတိုက်ခိုက် သဖြင့် နောက်ဆုံးအပင်သေဆုံးသည်။





ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပျိုးပါ။
- စိုက်ကျင်းထဲသို့ ထရိုင်ကိုဒါးမားမှိုကို ထည့်သွင်းပါ။
- ရောဂါကျရောက်သောအပင်များကို ခုတ်လှဲ မီးရှို့ပါ။
- ရောဂါကျသောနေရာ၌ အပင်အစားထိုးစိုက်ခြင်းမပြုလုပ်ရပါ